# ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

office@crphmyanmar.org

ရက်စွဲ။ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်

## (၄၇) နှစ်မြောက် ကချင်အာဇာနည်နေ့သို့ ပေးပို့သည့်သဝဏ်လွှာ

၁။ မြန်မာနိုင်ငံရှိတိုင်းရင်းသားလူမျိုးအသီးသီးတွင် မိမိတို့လူမျိုးများ၏ လွတ်လပ်ရေး၊ ငြိမ်းချမ်းရေး၊ တရားမျှတရေးနှင့် တန်းတူအခွင့်အရေးရရှိရေးတို့အတွက်သာမက ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးတို့အတွက် ကိုယ်ကျိုးစွန့်အနစ်နာခံကာ သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် အာဇာနည်သူရဲကောင်းများကို အောက်မေ့တသတန်ဖိုးထားဂုဏ်ပြုသည့်အနေဖြင့် အာဇာနည်နေ့အဖြစ်သတ်မှတ်ကြပါသည်။ ကချင်အမျိုးသားများ၏ လွတ်လပ်ရေး၊ အာဏာရှင်စနစ်ဆန့်ကျင်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီစနစ်ထူထောင်ရေး ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန်အတွက် ကချင်အမျိုးသားခေါင်းဆောင်ကြီးများကို မလိုမုန်းထားသူရန်သူတို့ဘက်မှ ကချင်တို့၏တော်လှန်ရေးခရီးစဉ်အား မေးမှိန်ပျောက်ကွယ်စေလိုသောကြောင့် လုပ်ကြံသတ်ဖြတ်ရခြင်းခံရသည့်နေ့ကို အောက်မေ့တသသောအားဖြင့် ကချင်အာဇာနည်နေ့အဖြစ်ကျင်းပခဲ့ကြသည်မှာ ယနေ့တွင် ( ၄၇ ) နှစ်မြောက်သို့ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

၂။ မိမိတို့နိုင်ငံကို အင်္ဂလိပ်ကိုလိုနီနယ်ချဲ့လက်အောက်မှ လွတ်လပ်ရေးရအောင်ကြိုးပမ်းစဉ်ကလည်း ကချင်တိုင်းရင်းသားများ၏ ဇာတိသွေး၊ ဇာတိမာန်နှင့် မျိုးချစ်စိတ်ဓာတ်အပြည့်ဖြင့် တွန်းလှန်တိုက်ထုတ်ခဲ့ကြပုံကိုလည်း သမိုင်းတွင်အထင်အရှားပင်ဖြစ်ပါသည်။ ခေတ်အဆက်ဆက်၌မတရားဖိနှိပ်ချုပ်ချယ်မှုများနှင့် တန်းတူအခွင့်အရေးတို့အတွက် ရဲဝံ့စွာဆန့်ကျင်တော်လှန်ခဲ့ကြသည့် ကချင်လူမျိုးများသည် ယခုအခါအကြမ်းဖက်စစ်အာဏာသိမ်းအုပ်စုအားဆန့်ကျင်တော်လှန်နေသည့် မြန်မာ့နွေဦးတော်လှန်ရေးခရီးကြမ်းတွင်လည်း ဒီမိုကရေစီအင်အားစုများနှင့်အတူတကွ ခိုင်မာစွာရပ်တည်ကာ အင်အားကောင်းသောတော်လှန်ရေး

အင်အားစုကြီးအဖြစ် လက်တွဲကြိုးပမ်းနေသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

၃။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ အနေဖြင့် ကချင်အာဇာနည် သူရဲကောင်းများ၏ဆန္ဒဖြစ်သည့် တောင်တန်းနှင့်မြေပြန့်မခွဲခြားဘဲ တန်းတူညီမျှရရှိမှု၊ လွတ်လပ်မှုနှင့် တရားမျှတမှုစသည့် ဖက်ဒရယ်ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်ပြည့်စုံသော အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်သစ်အား အမြန်ဆုံးတည်ဆောက်သွားနိုင်ရေး ကချင်အပါအဝင် ပြည်ထောင်စုတိုင်းရင်းသားညီနောင်များနှင့်အတူ မဆုတ်မနစ်လက်တွဲ ကြိုးပမ်းဆောင်ရွက် သွားမည်ဟု လေးနက်ခိုင်မာစွာကတိသစ္စာပြုရင်း ယနေ့ ၁၀-၈-၂၀၂၂ ရက်နေ့တွင်ကျရောက် သည့် (၄၇) နှစ်မြောက် ကချင်အာဇာနည်နေ့သဝဏ်လွှာအား ပေးပို့အပ်ပါသည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ